## First Sunday of Lent

**1st READING:** ***Genesis 2:7-9; 3:1-7***

ကမ္ဘာဦးကျမ်း ၂း ၇-၉။ ၃း ၁-၇

ထိုနောက်၊ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ဇီဝအသက်ကို မှုတ်တော်မူလျှင်၊ လူသည်အသက်ရှင်သောသတ္တဝါဖြစ်လေ၏။ထာဝရအရှင်ဘုရားသခင် သည်လည်း အရှေ့မျက်နှာ၊ ဒေင်အရပ်၌ ဥယျာဉ်ကို စိုက်ပျိုးပြီးလျှင်၊ ဖန်ဆင်း တော်မူသောလူကို ထိုဥယျာဉ်၌ နေရာချတော်မူ၏။ ထိုမြေထဲက အဆင်းလှ၍ စားဘွယ်ကောင်း သောအပင် အမျိုးမျိုးကို ထာဝရအရှင်ဘုရားသခင် ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အလယ်၌ အသက်ပင် လည်းရှိ၏။ ကောင်း မကောင်း ကို သိကျွမ်းရာအပင်လည်း ရှိ၏။ မြွေသည် ထာဝရအရှင် ဘုရားသခင် ဖန်ဆင်းတော်မူသောမြေတိရစ္ဆာန်တကာတို့ထက် လိမ္မာသည်ဖြစ်၍၊ မိန်းမအား၊ သင်တို့သည် ဥယျာဉ်၌ရှိသမျှသော အပင်တို့၏ အသီးကိုမစားရဟု ကေန်စင်စစ် ဘုရားသခင်မိန့်တော် မူသလောဟု မေး၏။ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏ အသီးကိုစားရသောအခွင့် ရှိ၏။ ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကိုကား၊ သင်တို့သည် မကိုင်မစားဘဲနေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။ မြွေကလည်း၊ သင်တို့သည် ကေန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို၊ ဘုရားသခင် သိတော်မူသည်ဟု မိန်းမအားဆိုလေ၏။ ထိုအပင်သည် စားဘွယ်ကောင်း၏၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှါ၊နှစ်သက်ဘွယ်သော အပင်ဖြစ်ခြင်းကို မိန်းမသည် မြင်လျှင်၊ အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်း ပေး၍ သူသည်လည်းစား၏။ ထိုသူနှစ်ယောက် တို့သည် မျက်စိပွင့်လင်း၍၊ မိမိတို့၌ အဝတ်အချည်းစည်းရှိသည်ကို မြင်လျှင်၊ မိမိတို့ဝတ်ရန်ဘို့ သင်္ဘောသဖန်းပင် အရွက်တို့ကို ချုပ်စပ်၍ ခါးစည်းကိုလုပ်ကြ၏။

**Responsorial Psalm  Psalm  51:3-4, 5-6, 12-13, 14, 17**

ဆာလံကျမ်း ၅၁း ၁–၄၊ ၁၀–၁၂၊ ၁၅

၁–၄။ အိုဘုရားသခင်၊တပည့်တော်ကိုသနားတော်မူပါ။ကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်ကြောင့်လည်းကောင်း၊ ကိုယ်တော်၏ မဟာကရုဏာတော်ကြောင့် လည်းကောင်း၊ တပည့်တော်၏အပြစ်ကျူးလွန်မှုများ ကို ပယ်ဖျက်ပစ်တော်မူပါ။ တပည့်တော်၏ အပြစ် ဒုစရိုက်ကို ဆေးကြောတော်မူပါ။ တပည့်တော်ကို အပြစ်မှ စင်ကြယ်စေတော်မူပါ။ တပည့်တော်သည် မိမိ၏အမှားများကိုသိမှတ်ဝန်ခံပါ၏။ တပည့်တော် ၏ အပြစ်သည် မိမိ၏ရှေ့မှောက်တွင် အမြဲရှိပါ၏။ တပည့်တော်သည်ကိုယ်တော်ကို ပြစ်မှားမိပါ၏။ ကိုယ်တော်ကိုသာလျှင်ပြစ်မှားခြင်းဖြစ်ပါ၏။ ကိုယ်တော်ရှေ့မှောက်တော်တွင်ဒုစရိုက်ဖြစ်သည့်အမှုကိုတပည့်တော်ပြုပါ၏။

၁၀–၁၂။ အားလုံးကို ပပျောက်စေတော်မူပါ။ အိုဘုရားသခင်၊ တပည့်တော်၏အတွင်းစိတ်၌ဖြူစင်သည့်နှလုံးသားကိုဖန်ဆင်းတော်မူပါ။ ခိုင်မြဲသောစိတ်ဓါတ်ကိုတပည့်တော်၏အတွင်း၌အသစ်ပြုပြင်တော်မူပါ။ ရှေ့တော်မှောက်မှတပည့်တော်ကိုနှင်ထုတ်တော်မမူပါနှင့်။ ကိုယ်တော်၏မွန်မြတ်သောဝိညာဉ်တော်ကိုတပည့်တော်ထံမှရုပ်သိမ်းတော်မမူပါနှင့်။ ကိုယ်တော်၏ကယ်တင်တော်မူခြင်းကျေးဇူးတော်ကြောင့်ခံစားရသည့်ရွှင်လန်းခြင်းကိုတပည့်တော်အားပြန်လည်၍ပေးသနားတော်မူပါ။ စေတနာစိတ်ကိုတပည့်  တော်၏အတွင်း၌ဆက်လက်ထိန်းသိမ်းထားတော်မူပါ

၁၅။ အိုထာဝရဘုရားသခင်၊တပည့်တော်၏နှုတ်ခမ်းများကိုဖွင့်တော်မူပါ။တပည့်တော်၏နှုတ်သည်လည်းကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုထုတ်ဖော်ဝန်ခံပါမည်။

## 2nd READING: Romans 5:12-19

ရောမသြဝါဒစာ ၅း၁၂–၁၉

အပြစ်တရားသည်တစ်ယောက်သောသူအားဖြင့်ဤလောကထဲသို့ဝင်ခဲ့၍၊ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်လာခဲ့၏။ သို့ဖြစ်၍၊လူအပေါင်းတို့သည်အပြစ်ကျူးလွန်ကြသောကြောင့်သေခြင်းသို့ရောက်ရကြ၏။ ပညတ်တရားမထားမီတိုင်အောင်ပင်အပြစ်သည်လောကထဲတွင်ရှိခဲ့၏။ ပညတ်တရားမရှိသည့်နေရာတွင်အပြစ်သည်မှတ်သားထားခြင်းမခံခဲ့ရချေ၊ သို့သော်သေခြင်းတရားသည်အာဒမ်၏လက်ထက်မှစ၍မိုးဇက်၏လက်ထက်တိုင်အောင်လူအပေါင်းတို့အား အစိုးရခဲ့ရ၏။ အာဒမ်ပြစ်မှားသောအပြစ်နှင့်မတူသောအပြစ်ကို ကျူးလွန်သောသူတို့ကိုပင်သေခြင်းတရားသည်အစိုးရတော်မူ၏။ အာဒမ်သည်နောင်တစ်ချိန်တွင်ပေါ်ထွန်းမည့်သူ၏ပုံပမာဖြစ်သည်သို့ရာတွင်ဆုကျေးဇူးနှင့်ပြစ်မှားခြင်းသည်မတူညီကြ။ အကြောင်းမူကား၊လူတစ်ယောက်သည်ပြစ်မှားသောအားဖြင့်လူအများတို့သည်လည်းသေခြင်းသို့ရောက်ခဲ့ရကြလျှင်တစ်ယောက်သောသူတည်းဟူသော ယေရှုခရစ်တော်အားဖြင့်ဘုရားသခင်၏ကျေးဇူးတော်နှင့်ကျေးဇူးတော်၏အကျိုးတို့သည်လူများတို့၌ပို၍ကြွယ်ဝပြည့်စုံတော်မူ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်လူတစ်ဦးကျူးလွန်သောအပြစ်တို့၏အကျိုးဆက်နှင့်မတူဘဲကွာခြား၏။အပြစ်တစ်ခုကျူးလွန်ခြင်းကိုစီရင်သောအခါဒဏ်ခတ်ခြင်းဖြစ်ပေါ်စေ၏။ သို့သော်အခမဲ့ရသောကျေးဇူးတော်သည်များစွာသောအပြစ်များကိုခွင့်လွှတ်စေ၍ဖြောင့်မတ် ခြင်းသို့ရောက်၏။ လူတစ်ယောက်သည်ပြစ်မှားသောကြောင့်ထိုတစ်ဦးသောသူအားဖြင့်သေခြင်းတရားသည်အစိုးရ၏။ တစ်ဦးသောသူတည်းဟူသောယေရှုခရစ်တော်အားဖြင့်ဘုရားသခင်၏ကြွယ်ဝသောကျေးဇူးတော်ကိုလည်းကောင်း၊ ဖြောင့်မတ်ရာသို့ပို့ဆောင်တော်မူခြင်းကိုလည်းကောင်း၊ ခံရသောသူတို့သည်ခရစ်တော်အားဖြင့်ပို၍ပင်အသက်ရှင်ခြင်းကိုရရှိကြလိမ့်မည်။ သို့ဖြစ်၍တစ်ဦးသောသူ၏ပြစ်မှားခြင်းအားဖြင့်လူအပေါင်းတို့သည်အပြစ်စီရင်ခြင်းနှင့်တွေ့ကြုံရကြသည်နည်းတူတစ်ဦးသောသူ၏ဖြောင့်မတ်တော်ခြင်းအားဖြင့်လူအပေါင်းတို့ကိုလွှတ်မြောက်စေပြီးအသက်ရှင်ခြင်းကိုပေး၏။ အကြောင်းမူကား၊လူတစ်ဦးသည်ဘုရားသခင်၏စကားကိုနားမထောင်သောအားဖြင့်လူအပေါင်းတို့သည်အပြစ်ရောက်သည့်နည်းတူ တစ်ဦးသောသူသည်နားထောင် သောအားဖြင့်လူအများတို့သည်ဖြောင့်မတ်ရာသို့ရောက်ရကြ၏။

**GOSPEL:** ***Matthew 4:1-11***

ရှင်မာတေဦး ဧဝံဂေလိကျမ်း ၄း ၁–၁၁

ထို့နောက်စာတန်နတ်ဆိုး၏နှောင့်ယှက်ခြင်းကိုခံရစေခြင်းငှာဝိညာဉ်တော်သည်သခင်ယေဇူးကိုတောကန္တာရသို့ခေါ်ဆောင်သွားတော်မူ၏။ ကိုယ်တော်သည်နေ့လေးဆယ်ညလေးဆယ်ပတ်လုံးအစာရှောင်တော်မူပြီးနောက်ဆာလောင်မွတ်သိပ်ခြင်းကိုခံစားရ၏။ထိုအခါနှောင့်ယှက်တတ်သောသူသည်အထံတော်သို့ချဉ်းကပ်၍ကိုယ်တော်အားလျှောက်ထားသည်မှာသင်သည်ဘုရားသခင်၏သားတော်မှန်လျှင်ဤကျောက်ခဲများကိုပေါင်မုန့်ဖြစ်စေရန်အမိန့်ရှိတော်မူပါဟုဆိုလေ၏။ကိုယ်တော်ကလည်းလူသည်အစားအစာအားဖြင့်သာအသက်ရှင်သည်မဟုတ်၊ဘုရားသခင်၏နှုတ်တော်ထွက်စကားရှိသမျှအားဖြင့်အသက်ရှင်ရသည်ကိုကျမ်းစာတွင်ရေးထားသည်ဟုပြန်ပြောတော်မူ၏။ထိုအခါနတ်ဆိုးသည်ကိုယ်တော့်အားသန့်ရှင်းသောမြို့တော်သို့ခေါ်ဆောင်သွား၍ဗိမာန်တော်၏အထွတ်ပေါ်၌တင်ထားလျက်။ ကိုယ်တော်အားလျှောက်ထားသည်မှာ၊သင်သည်ဘုရားသခင်၏သားတော်မှန်လျှင်သင်၏ကိုယ်ကိုအောက်သို့ပစ်ချပါလော့၊အကြောင်းမူကားကျမ်းစာ၌ရေးထားသည်မှာသင့်ကိုစောင့်ရှောက်ရန်ကောင်းကင်တမန်တို့အားမိန့်မှာထားသောကြောင့်သင်၏ခြေကိုကျောက်ခဲတစ်လုံးနှင့်မျှမထိခိုက်စေခြင်းငှာ၊သူတို့သည်သင့်ကိုလက်များဖြင့်ချီမကြလိမ့်မည်ဟုဆိုပြန်၏။သခင်ယေဇူးကလည်းသင်၏အရှင်ဘုရားသခင်ကိုစုံစမ်းခြင်းမပြုရဟူ၍ကျမ်းစာတွင်ရေးထားသည်ဟုမိန့်တော်မူ၏။တစ်ဖန်နတ်ဆိုးသည်ကိုယ်တော်ကိုအလွန်မြင့်မားသောတောင်ပေါ်သို့ခေါ်ဆောင်သွားပြန်၍လောကတိုင်းနိုင်ငံများနှင့်ယင်းတို့၏ဘုန်းစည်းစိမ်တို့ကိုပြလျက်။သင်သည်ပျပ်ဝပ်၍ငါ့ကိုရှိခိုးပါလျှင်ဤအရာအားလုံးကိုသင့်အားငါပေးမည်ဟုပြောလေ၏။ ထိုအခါသခင်ယေဇူးကဆုတ်ဟဲ့စာတန်၊ကျမ်းစာ၌ရေးထားသည်ကားသင်၏အရှင်ဘုရားသခင်ကိုရှိခိုးကိုးကွယ်ရမည်၊ကိုယ်တော်တစ်ပါးတည်းကိုသာသင်အစေခံရမည်ဟုသူ့အားမိန့်တော်မူ၏။ စာတန်သည်လည်းကိုယ်တော့်ထံပါးမှထွက်ခွါသွားလေ၏။ ထို့နောက်ကောင်းကင်တမန်တို့သည်အထံတော်သို့ချဉ်းကပ်ကြလျက်လိုရာကိစ္စများကိုဆောင်ရွက်ပေးကြလေ၏။